| Summary | : | In Myanmar, the minimum working age is 14 years old, set out in the Child Rights Law and existing Labour Laws. According to Convention 138, if an economy and educational facilities in a country are insufficiently developed, a minimum age of entry into employment at 14 years is made possible after consultation with organizations of employers and workers. |

The Daily ELEVEN Newspaper

# မြန်မာနိုင်ငံတစ်ဝန်းတွင် ကလေးလုပ်သားပေါင်း တစ်သန်းကျော်ရှိပြီး ခြောက်သိန်းကျော်မှာ အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရကြောင်း ILO ထုတ်ပြန်



မြန်မာနိုင်ငံတစ်ဝန်းတွင် ကလေးလုပ်သားပေါင်း တစ်သန်းကျော်ရှိပြီး ခြောက်သိန်းကျော်မှာ အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရကြောင်း ဇူလိုင် ၃၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO က ထုတ်ပြန်သည်။

ILO ကွန်ဗင်းရှင်း ၁၃၈ နှင့်ပတ်သက်သည့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ပြီး International Labour Organization၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ UMFCCI၊ CTUM၊ MICS နှင့် UNICEF စသည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရှင်းလင်းခဲ့သည်။

မြန်မာနိုင်ငံသည် ILO ၏ အနည်းဆုံးအသက်အရွယ်သတ်မှတ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း ၁၉၇၃ (အမှတ် ၁၃၈) ကို ဇွန် ၈ ရက်တွင်အတည်ပြုခဲ့ပြီး နိုင်ငံအတွင်း ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ပိုမိုပြင်းထန်သော အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း၊ ကွန်ဗင်းရှင်းအမှတ် ၁၃၈ အရ နိုင်ငံများအနေဖြင့် အလုပ်အကိုင်အနိမ့်ဆုံး အသက်သတ်မှတ်ရန် လိုအပ်ပြီး အသက် ၁၈ နှစ်အောက် လူငယ်များအတွက် အန္တရာယ်ရှိသော လုပ်ရှားမှုများကို တားမြစ်ထားကြောင်း သိရသည်။

"COVID-19 ကပ်ရောဂါကြောင့် ဆင်းရဲနွမ်းပါးသည့် မိသားစုဝင်များတွင် အခက်အခဲများ ပိုများလာတဲ့အတွက် ကလေးလုပ်သားဆိုတဲ့ အန္တရာယ်တွေ ပိုမိုကြီးမားလာပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီလိုစိန်ခေါ်မှုတွေကြီးမားတယ်ဆိုပေမဲ့ ဒီပြဋ္ဌာန်းချက်ကို လက်မှတ်ရေးထိုးလိုက်တဲ့အတွက် ကလေးအလုပ်သမားခိုင်းစေမှုကို ၂၀၃၃ မှာ ပပျောက်အောင်၊ လျှော့ချနိုင်အောင် လုပ်ဆောင်နေပါတယ်" ဟု Myanmar Programme on the Elimination of Child Labour ၏ Chief Technical Adviser ဖြစ်သူ Selim Benaissa က ပြောကြားသည်။

ထို့ပြင် ILO ၏ ခန့်မှန်းခြေအရမြန်မာနိုင်ငံတစ်ဝန်းတွင် ကလေးလုပ်သားပေါင်း ၁ ဒသမ ၁၃ သန်းရှိပြီး ၎င်းတို့အနက် ခြောက်သိန်းကျော်သည် အန္တရာယ်ရှိသော အလုပ်ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်နေရသည်ဟု ILO ၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ အနိမ့်ဆုံးအလုပ်သမားအသက်အရွယ်မှာ အသက် ၁၄ နှစ်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းအပိုဒ် ၄ နှင့် အပိုဒ်ခွဲ ၂ ပါ အချက်များဖြစ်သော နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ပညာရေးဆိုင်ရာအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုမလုံလောက်ပါက အလုပ်ရှင် အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းကာအနိမ့်ဆုံးအသက်အရွယ်ကို ၁၄ နှစ် သတ်မှတ်နိုင်သည်ဟူသော ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် အပိုဒ်ငယ်အား အသုံးပြုခဲ့ကြောင်း သိရသည်။

မျိုးထက်ပိုင်

| | | |
|---|---|---|
| Headline | : | <Waiting for a clipping> |
| Date | : | 31 July 2020 |
| Media Title | : | SkyNet Up to Date |
| Page/Section | : | Broadcast |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 24,300 |
| Summary | : | <Waiting for a clipping> |

Waiting for a clipping

| | | |
|---|---|---|
| Headline | : | FGLLID warns children under 14 years old are not to work |
| Date | : | 31 July 2020 |
| Media Title | : | DVB |
| Page/Section | : | Broadcast |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 68,040 |
| Summary | : | From the labour force and school to work survey in 2015, there are approximately 1.13 million children in child labour across Myanmar, of which more than 600,000 are working in hazardous work environments. In addition to Convention 182 on the worst forms of Child Labour that Myanmar ratified in 2013, ratifying Convention 138 on 8 June, 2020 signals important progress in eliminating child labour in the country. |



| | | |
|---|---|---|
| Headline | : | Myanmar gears up to implement minimum working age convention |
| Date | : | 31 July 2020 |
| Media Title | : | MITV |
| Page/Section | : | Broadcast |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 24,300 |
| Summary | : | The Ministry of Labour, Immigration and Population (MoLIP), together with the Interna- tional Labour Organization (ILO), UNICEF, and Myanmar workers and employers' organisations, and child pro- tection civil society organizations today have come together in a webinar to lay the foundation for the imple- mentation of the ILO Minimum Age Convention No. 138, ratified by Myanmar on 8 June 2020 and will take effect in June 2021. |

mitv

**<Waiting for Footage>**

Headline : Myanmar gears up to implement minimum working age convention
Date : 31 July 2020
Media Title : Myanmar Future News
Page/Section : Social Media News
Frequency : Daily
Language : Myanmar
PR Value : USD 750
Summary : "The global COVID-19 pandemic has exacerbated poverty, inequality and deprivation of resources. Among the most severely affected are children. The closure of schools, combined with additional hardship in poor families, increase the risk of child labour. Although the challenges ahead are significant, Myanmar's ratification of ILO Convention 138 demonstrates a commitment to preventing and protecting children from child labour by 2033," ILO Yangon Deputy Liaison Officer, Piyamal Pichaiwongse said.

Myanmar Future News
July 31 at 2:37 PM ·

ILO ရဲ့ အနိမ့်ဆုံး အသက်အရွယ် သတ်မှတ်ခြင်း ကို လာမယ့် ၂၀၂၁ နှစ်ဝက်လမှာ စတင်ကျင့်သုံးမယ်
===========================================

MFN - ဟန်ဘို
ရန်ကုန်။ ဇူလိုင် ၃၁

မြန်မာနိုင်ငံအနေနဲ့ ILO (international labour organization) အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ရဲ့ အနိမ့်ဆုံး အသက်အရွယ် သတ်မှတ်ခြင်း ဆိုင်ရာ ပြဌာန်းချက် ၁၃၈ ကို လိုက်နာကျင့်သုံးဖို့ အတည်ပြု လက်မှတ် ရေးထိုးခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

ဒီ ပြဌာန်းချက်ကို ယခုနှစ် ဇူလိုင် ၃၀ ရက်က လက်မှတ်ရေးထိုးခဲ့င, လာမယ့် ၂၀၂၁ ခုနှစ် ဇွန် ၈ ရက်ကစပြီး လိုက်နာကျင့်သုံးရမှာဖြစ်တယ်လို့ သိရပါ တယ်။

လက်ရှိ မြန်မာနိုင်ငံအနေနဲ့ ကလေးသူငယ်အခွင့် အရေး ဥပဒေနှင့် တည်ဆဲအလုပ်သမားဥပဒေများရဲ့ ပြဌာန်းချက်များအရ အလုပ်လုပ်နိုင်တဲ့အနိမ့်ဆုံး အသက်ရွယ်မှာ ၁၄ နှစ် ဖြစ်ပြီး ကွန်ဗင်းရှင်း ၁၃၈ အရ  နိုင်ငံ တစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ ပညာရေး ဆိုင်ရာ အထောက်အပံ့များ လုံလောက်စွာ ဖွံ့ဖြိုးမှု မရှိပါက အလုပ်သမား၊ အလုပ်ရှင်အဖွဲ့ အစည်းများနဲ့ တိုင်ပင်ကာ လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်နိုင်တဲ့ အနိမ့်ဆုံး အသက် အရွယ်ကို ၁၄ နှစ်မှ စတင်နိုင် တယ် လို့ သိရပါတယ်။

သို့ပေမယ့်  အသက် ၁၄ နှစ်အောက် ကလေး တွေကို လုပ်ငန်းခွင်တွေမှာ အလုပ်ခိုင်းစေတာတွေ မပြုလုပ်ကြဖို့ အလုပ်သမား ဥပဒေရေးရာ စစ်ဆေးရေး ဦးစီးဌာနက လုပ်ငန်းရှင်များထံ သတိပေး ပြောဆို လိုက်ပါတယ်။

ဒီလို ၁၄ နှစ်အောက် ကလေးငယ်တွေကို လုပ်ငန်း ခွင်များမှာ ခိုင်းစေတာ ပြုလုပ်မှု စစ်ဆေးတွေ့ရှိက ထောင်ဒဏ်၊ ငွေဒဏ် ၂ ရပ်စလုံးကို ကျခံရမယ့် အခြေ အနေမှာ ရှိတယ်လို့ အလုပ်သမားဥပဒေရေးရာ စစ်ဆေး ရေးဦးစီးဌာန၊ ညွှန်ကြားရေးချုပ်က အသိပေးပြောဆိုခဲ့ ပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်လုပ်ကိုင်နိုင်တဲ့ အငယ်ဆုံး အသက်အရွယ်က ၁၄ နှစ်ဖြစ်ပြီး ၁၄ နှစ်အောက် ကလေးသူငယ်များကို မည်သည့် လုပ်ငန်းခွင် တွေမှာမှ အလုပ်ခိုင်းစေခွင့်မရှိကြောင်း၊ ခိုင်းစေပါက  ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ၊ ကလေး သူငယ် အခွင့်အရေး ဆိုင်ရာ ဥပဒေတွေနဲ့ အရေးယူနိုင်တဲ့အတွက် မခိုင်း စေကြဖို့ကို ( ILO - international labour organization) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ဇူလိုင် ၃၀ ရက်က ပြုလုပ်တဲ့ online  စာနယ်ဇင်း ရှင်းလင်းပွဲမှာ ညွှန်ကြားရေးမှူးချုပ် ဦး ညွန့်ဝင်း က အခုလို ဆိုခဲ့တာ ဖြစ်ပါတယ်။

သူက "အရေးယူဖို့ ပြောနေတယ်ဆိုတာကလည်း လူတွေက အရေးယူမှ ကြောက်ကြတာကို။ သတိထား ရမယ့် အချက်က ဘာလဲဆိုတော့ ပြစ်မှုက တစ်ခုထဲ ကျူးလွန်တာ ဥပဒေ ၃ ခုလောက်နဲ့ အရေးယူခံရမယ့် အနေအထား မျိုးရှိပါတယ်။ အသိပညာပေးကာလကို ကျော်သွားပြီးရင် နောင်တချိန်မှာတော့ လုပ်ငန်းရှင်များ အနေနဲ့ ဥပဒေအရ ကန့်သတ်ထားတဲ့ အသက်အရွယ် အောက်မှာ ကလေးတွေ၊ ကလေးသူငယ်တွေကို မိမိရဲ့ လုပ်ငန်းခွင်မှာ မခိုင်းတာ၊ အခကြေးငွေနဲ့သော်လည်း ကောင်း၊ အခမဲ့သော်လည်းကောင်း မခိုင်းတာက အကောင်းဆုံးလို့ပဲ ပြောချင်ပါတယ်"လို့

အခကြေးငွေနဲ့သော်လည်း ကောင်း၊ အခမဲ့သော်လည်းကောင်း မခိုင်းတာက အကောင်းဆုံးလို့ပဲ ပြောချင်ပါတယ်"လို့ ပြောပါတယ်။

လက်ရှိ မြန်မာနိုင်ငံအနေနဲ့ COVID - 19 ဂယက်ကြောင့် အလုပ်လက်မဲ့တွေ များလာတဲ့ အခြေ အနေမှာရှိကြောင်း၊ ဒီအပေါ် မှာလည်း ကလေး သူငယ် တွေက လုပ်သားအဖြစ်သို့ ရောက်ရှိနိုင်ချေ မြင့်မားလာ နိုင်ဖွယ်ရှိကြောင်း အလုပ်သမား အဖွဲ့ချုပ်တွေ ကလည်း ဆိုကြပါတယ်။

မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူးချုပ် ကိုသက်နှင်းအောင်က "ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရက လုပ်ဆောင် နေတာကို ကျွန်တော်တို့ တွေ့ရတယ်။ သို့သော် လုံလောက် တဲ့ဖြေရှင်းမှုမျိုး မရှိသေးတာကိုတော့ မြင်တွေ့ နေရ ဆဲပဲဖြစ်တယ်"လို့ မှတ်ချက်ပြု ပြောကြား ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကလေးလုပ်သားဦးရေ ၁၂ သိန်း လောက်ရှိပြီး အဲဒီထဲမှာမှ ၆ သိန်းကျော်ဟာ အန္တရာယ်ရှိ လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေတာတွေရှိတယ်လို့ သိရ ပါတယ်။

နိုင်ငံတော် အစိုးရအနေနဲ့က လက်ရှိအချိန်ထိ စက်ရုံ၊ အလုပ်ရုံ တွေမှာသာ ကလေး လုပ်သား လျှော့နည်းပပျောက် ရေးကို ဆောင်ရွက်နိုင် သေးပေမယ့် ကျန်လုပ်ငန်းခွင် ကဏ္ဍတွေမှာတော့ လျှော့နည်းပပျောက် ရေး မဆောင်ရွက်နိုင် သေးသလို အရေးယူနိုင်တာ လည်းမရှိသေးကြောင်း သိရပါတယ်။



| | | |
|---|---|---|
| Headline | : | ILO Convention-138 (Minimum Age Convention) discussion held |
| Date | : | 31 July 2020 |
| Media Title | : | Global New Light of Myanmar |
| Page/Section | : | Page 5/ National |
| Frequency | : | Daily |
| Language | : | English |
| PR Value | : | USD 200 |
| Summary | : | Myanmar joined ILO in 1948 and ratified 18 conventions to live up with those conventions, and with the ILO's advices, the government coordinated employer and employee organizations to implement the existing labour laws; on the ILO's Centenary Celebration Day in 2019, Myanmar considered to ratify the Minimum Age Convention 138. |

THE GLOBAL NEW LIGHT OF MYANMAR

# ILO Convention-138 (Minimum Age Convention) discussion held

THE Ministry of Labour, Immigration and Population held virtual meeting with International Labour Organization (ILO) to discuss ILO Convention- 138 ( Minimum Age Convention) yesterday morning in Nay Pyi Taw.

Union Minister U Thein Swe, Deputy Minister U Myint Kyaing, ( Labour Affairs) Permanent Secretary U Myo Aung, the Directors-General, representatives from Yangon Office of ILO and members of Technical Working Group on Child Labour (TWG-CL), representatives from employer organizations, labour organizations, INGOs and NGOs and Youth Policy Affairs Group took part the discussion.



Union Minister U Thein Swe attends an online meeting to discuss the ILO Convention-138 concerning Minimum Age for Admission to Employment. **PHOTO: MNA**

At the discussion, the Union Minister said that they will disseminate capacity building and knowledge to all the relevant parties to support and implement the convention, and that it was a process which should be done; the responsible officials from the ministry did the own research on the Minimum Age Convention and it had been thought over and over again to reflect the experiences of other countries and the realities of their own; thus, before ratifying the convention, Myanmar National Committee on Child Labour Eradication led by the Vice President(1) was formed with five-year plan in different States and Regions and the implementation of this programme supported the Minimum Age Convention.

Myanmar joined ILO in 1948 and ratified 18 conventions; to live up with those conventions, and with the ILO's advices, the government coordinated employer and employee organizations to implement the existing labour laws; on the ILO's Centenary Celebration Day in 2019, Myanmar considered to ratify the Minimum Age Convention-138 and the agreement was made after the tripartite coordination between employer, employee and government; then, Pyidaungsu Hluttaw decided to accept and practise the convention; the convention will take effect on 8 June 2021; at present, the definition, implementation, educating programme to people and human resource development would be done by cooperating with ministries, regional governments, NGOs, INGOs and UN organizations to plan and implement the convention, the Union Minister said.

The Union Minister also said that Myanmar National Child Labour Eradication programme would be implemented in relation with the Convention-138; by practising the Convention-138, there would be both benefits and challenges; the rules must be followed to practise the convention, especially, to educate the employers from construction, mining and power sectors; the education programmes and courses need to be opened.

Then, the experts from the ILO Yangon Office and Asia- Pacific regional offices discussed the rules to follow in practising the convention, the reviews on relevant laws in Myanmar and the suggestions for further action.—MNA

*(Translated by Ei Phyu Phyu Aung)*

RICE

Headline : Fighting Child Labour requires collective effort of all stakeholders
Date : 31 July 2020
Media Title : Global New Light of Myanmar
Page/Section : Page 8/ Opinion
Frequency : Daily
Language : English
PR Value : USD 200

Summary : In a historic move, Myanmar ratified the ILO Convention-138 that seeks to eliminate child labour and ensure children to not leave school to join the workforce full time and the treaty will take effect on 8th June 2021.

THE GLOBAL NEW LIGHT OF MYANMAR

8 OPINION

# Fighting child labour requires collective effort of all stakeholders

IN a historic move, Myanmar ratified the ILO Convention-138 that seeks to eliminate child labour and ensure children do not leave school to join the workforce full time, and the treaty will take effect on 8th June, 2021.

The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country.

The Minimum Age Convention 138 requires countries to set a minimum age aligned with the end of compulsory education and under which no one shall be admitted to work in any occupation except light work and artistic performances.

> Hence, regarding ILO Convention-138, the Union Government is willing to work with NGOs, INGOs and UN agencies to improve the country's human resources by

It also prohibits hazardous activities for anyone under 18 years old. In Myanmar, the minimum working age is 14 years old, as per the new Child Rights Law and existing Labour Law.

The Convention also requires countries to establish national policies for the elimination of child labour. Myanmar is the 178th country to

resources by promoting capacity building among governmental staff, MPs, employees, employers and the people.

ratify the convention and has an estimated 9.3% of the child population aged 5 to 17 in child labour, including more than 600,000 working in hazardous work environments.

Lack of adequate information, capacity and monitoring mechanism would become challenges for tackling child domestic labour in Myanmar. The majority of child labourers can be found in the agricultural sector, factories, or employed as domestic help due to poverty, lack of educational opportunities, and a desire to support their families.

It is going to be a herculean task for implementing the treaty.

Hence, regarding ILO Convention-138, the Union Government is willing to work with NGOs, INGOs and UN agencies to improve the country's human resources by promoting capacity building among governmental staff, MPs, employees, employers and the people. The implementation of ILO Convention-138 must be linked with the three 5-year national level projects on ending child labour.

At present, the Information and Public Relations Department has conducted an educational campaign against child labour in the regions and states, with talks and exhibitions on the subject organized in schools.

In efforts to end child labour, Yangon Region, Bago Region, Ayeyawady Region, Kayin State, and Mon State have been designated as priority areas.

We are confident that the positive role of the non-government organisations (NGOs) and activists would contribute immensely to spreading awareness against child labour and focusing on its prevention, rescue, and rehabilitation efforts.

■ ■ ■

✳RICE

| | | |
|---|---|---|
| Headline | : | ILO Convention-138 (Minimum Age Convention) discussion held |
| Date | : | 31 July 2020 |
| Media Title | : | The Mirror |
| Page/Section | : | Page 3/ Local Affairs |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 200 |
| Summary | : | Myanmar joined ILO in 1948 and ratified 18 conventions to live up with those conventions, and with the ILO's advices, the government coordinated employer and employee organizations to implement the existing labour laws; on the ILO's Centenary Celebration Day in 2019, Myanmar considered to ratify the Minimum Age Convention 138. |

ကြေးမုံ

# ILO Convention -138 (အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်)ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၃၀

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်း၍ Video Conference ဖြင့် ကျင်းပသည့် ILO Convention -138 (အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်) ဆိုင်ရာဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပါဝင်တက်ရောက်

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ (အလုပ်သမားရေးရာဆိုင်ရာ) အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးမှ ကိုယ်စားလှယ်များ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ (TWG-CL)အဖွဲ့ဝင်များ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGOs၊ NGOs အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် Youth Policy Affair Group မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ILO Convention-138 အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်နှင့်ပတ်သက်ပြီး အသိပညာဗဟုသုတရရှိစေရန်နှင့် အဆိုပါပြဋ္ဌာန်းချက်ကို အထောက်အကူပြုနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့်ပုဂ္ဂိုလ်များအားလုံးကို စွမ်းဆောင်ရည်မြှင့်တင်ပေးမှုနှင့် အသိပညာများ ဖြန့်ဝေပေးမည်ဟု နားလည်ထားပြီး လုပ်ဆောင်သင့်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ အငယ်ဆုံး အသက်ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် အသေးစိတ်လေ့လာ၍ အခြားနိုင်ငံများ၏ အတွေ့အကြုံများနှင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများ ထင်ဟပ်စေရန် အကြိမ်ကြိမ်စဉ်းစားပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အဆိုပါပြဋ္ဌာန်းချက်ကို လက်မှတ်မရေးထိုးမီအချိန်တွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးစီး၍ ဗဟိုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ငါးနှစ်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် အမှုနိုင်းစေမှုနှင့် ကလေးအလုပ်သမားပပျောက်ရေးဆောင်ရွက်ချက်များသည် အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်များကို အထောက်အကူပြုသည့် လုပ်ငန်းရပ်များဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO သို့ ၁၉၄၈ ခုနှစ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး လက်ရှိကာလတွင် ILO ပြဋ္ဌာန်းချက် ၁၈ ခုကို မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးလျက်ရှိပြီး အဆိုပါပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြည်တွင်း၌ရှိသည့် အလုပ်သမားဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ILO ရုံး၏ အကြံပေးမှုများနှင့် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရအဖွဲ့များ သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပြီး အစားထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်တွင် မြန်မာနိုင်ငံအနေဖြင့် ILO ၏ အငယ်ဆုံးအသက်ပြဋ္ဌာန်းချက် အမှတ်-၁၃၈ ကို လက်ခံကျင့်သုံးရန်စဉ်းစားခဲ့ပြီး အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်များတောင်းခံပြီး အစိုးရအဖွဲ့ကိုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး လက်ခံကျင့်သုံးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ILO ညွှန်ကြားရေးမှူးချုပ်ထံတင်ပြပြီး လာမည့် ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်တွင်စတင် အာဏာအသက်ဝင်မည်ဖြစ်ပါကြောင်း၊ ယခုကာလအတွင်း အဆိုပါပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ အစိုးရအဖွဲ့ဝန်ထမ်းများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်သမား၊ အလုပ်ရှင်များအပါအဝင် ပြည်သူများအား အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများအား အသိပညာပေးလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်အတွက် ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ NGO၊ INGO၊ UN အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စီမံချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ ဆောင်ရွက်ဆဲဖြစ်သော မြန်မာနိုင်ငံအမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးကို ငါးနှစ်စီမံချက် သုံးကြိမ်ဖြင့် ၁၅ နှစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် ယခုပြဋ္ဌာန်းချက် အမှတ် - ၁၃၈ နှင့် ချိတ်ဆက်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

Convention-138 ကို လက်ခံကျင့်သုံးခြင်းအားဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် ကလေးအလုပ်သမားများ အပါအဝင် နိုင်ငံသူ နိုင်ငံသားများအတွက် အကျိုးကျေးဇူးများရရှိနိုင်သလို စိန်ခေါ်မှုများလည်းရှိလာမည်ဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးသောနိုင်ငံများသည် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လုပ်ငန်းအမျိုးအစားများဖြစ်သည့် သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ် စသည့်လုပ်ငန်းများတွင် အလုပ်သမားခန့်အပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအားအသိပညာပေး ပြဋ္ဌာန်းချက်နှင့် အဟပ်နိုင်ဆုံး ကိုက်ညီအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ၊ မိသားစုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အပါအဝင် နယ်ပယ်အသီးသီးရှိလုပ်ငန်းများနှင့် သက်ဆိုင်မှုအား လေ့လာသွားရမည်ဖြစ်ပါကြောင်း၊ အသိပညာပေးရေးလုပ်ငန်းများနှင့် သင်တန်းများဖွင့်လှစ်ရန်လိုအပ်ပြီး ယခုဆွေးနွေးပွဲမှ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် NGO၊ INGO၊ UNနှင့် ၊ အလုပ်ရှင်၊ အလုပ်သမားများအတွက် အကျိုးရှိပြီး ရှေ့ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းများဖော်ထုတ်နိုင်ပြီး အသိအမြင်များ တိုးပွားလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ILO ရန်ကုန်ရုံးနှင့် ILO အာရှပစိဖိတ်ဒေသဆိုင်ရာရုံးခွဲမှ ပညာရှင်များက အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ လိုက်နာကျင့်သုံးမှုနှင့် စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာဥပဒေများအား လေ့လာသုံးသပ်မှုအပေါ် တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

Headline : Myanmar has more than a million child labour
Date : 30 July 2020
Media Title : 7Day News Journal
Page/Section : Social Media News
Frequency : Daily
Language : Myanmar
PR Value : USD 3,000
Summary : In Myanmar, the minimum working age is 14 years old, set out in the Child Rights Law and existing Labour Laws. According to Convention 138, if an economy and educational facilities in a country are insufficiently developed, a minimum age of entry into employment at 14 years is made possible after consultation with organizations of employers and workers.

7Day News Journal
July 30 at 7:01 PM ·

မြန်မာနိုင်ငံမှာ ကလေးလုပ်သား တစ်သန်းကျော်ရှိ ၊ စင်ကာပူမှာ ပိတ်မိနေတဲ့ မြန်မာနိုင်ငံသား ၁၅၀ ကျော်ကို ပြန်ခေါ်ယူ ၊အင်္ဂလိပ်ဆီ ဂိုလ်ဆင်းယာဉ် စေလွှတ် ၊ ငါးမန်းကိုက်လို့ လူသေခဲ့တဲ့ ဖြစ်ရပ်အပြီး မိန်းပြည်နယ် ကမ်းခြေတွေမှာရေဆင်းမကူးကြဖို့နှိုးဆော်လိုက်တယ်ဆိုတဲ့နောက်ဆုံးရသတင်းတွေကိုတင်ဆက်ပေးလိုက်ပါတယ်။



## Additional hits
## (Facebook, Twitter and YouTube)

| | | |
|---|---|---|
| Headline | : | Discussion on ILO Convention 138 was discussed |
| Date | : | 16 Aug 2020 |
| Media Title | : | YTV |
| Page/Section | : | Facebook |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 500 |
| Summary | : | The closure of schools, combined with additional hardship in poor families, increase the risk of child labour. However, though the challenges ahead are significant, Myanmar's ratification of ILO Convention 138 demonstrates a clear commitment to preventing and protecting children from child labour by 2033. |



| | | |
|---|---|---|
| Headline | : | ILO announced 600,000 child workers are working in hazardous workplace |
| Date | : | 7 Aug 2020 |
| Media Title | : | Myanma Platform |
| Page/Section | : | Facebook |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 500 |
| Summary | : | From the labour force and school to work survey in 2015, there are approximately 1.13 million children in child labour across Myanmar, of which more than 600,000 are working in hazardous work environments. In addition to Convention 182 on the worst forms of Child Labour that Myanmar ratified in 2013, ratifying Convention 138 on 8 June 2020 signals important progress in eliminating child labour in the country. |

MyanmaPlatform
1h ·

မြန်မာနိုင်ငံရှိ ကလေး လုပ်သား ၆ သိန်းကျော် အန္တရာယ်ရှိ လုပ်ငန်းခွင်မှာ လုပ်ကိုင်နေရ
-----------------------------
ဩဂုတ်၊ ၇
မြန်မာနိုင်ငံရှိ ကလေး လုပ်သား ၆ သိန်းကျော်သည် အန္တရာယ်ရှိ လုပ်ငန်းခွင်မှာ လုပ်ကိုင်နေရတယ်လို့ ILO က ထုတ်ပြန်လိုက်ပါတယ်။

လက်ရှိမြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးလုပ်သားပေါင်း ၁ ဒသမ ၁၃သန်းအထိ ရှိနေပြီး ၎င်းတို့အနက်မှာ ၆သိန်းကျော် (၆၀ရာခိုင်နှုန်းခန့်)က အန္တရာယ်ရှိ လုပ်ငန်းခွင်မှာ လုပ်ကိုင်နေရတယ်လို့ ဩဂုတ်လ ပထမ အပတ်တွင်းက ထုတ်ပြန်တဲ့ ILO ရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

သတင်းအပြည့်အစုံဖတ်ရှုရန် > > >
https://www.myanmaplatform.com/a/46844.html
#MyanmaPlatform #News #Domestic



Headline : Myanmar gears up to implement minimum working age convention
Date : 4 Aug 2020
Media Title : Channel K
Page/Section : Facebook
Frequency : Daily
Language : Myanmar
PR Value : USD 500
Summary : Convention 138 requires countries to set a minimum age for employment aligned with the end of compulsory education under which no one shall be admitted to work in any occupations except light work and artistic performances. It also prohibits hazardous activities for anyone under 18 years old.



| | | |
|---|---|---|
| Headline | : | FGLLID warns children under 14 years old are not to work |
| Date | : | 31 July 2020 |
| Media Title | : | DVB |
| Page/Section | : | Facebook |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 500 |
| Summary | : | From the labour force and school to work survey in 2015, there are approximately 1.13 million children in child labour across Myanmar, of which more than 600,000 are working in hazardous work environments. In addition to Convention 182 on the worst forms of Child Labour that Myanmar ratified in 2013, ratifying Convention 138 on 8 June 2020 signals important progress in eliminating child labour in the country. |

